"ငါ သိပါတယ်" ဟု သူမက ပြောဏ်။ "ဒါပေမယ့် ငါ မင်းကို ဘယ်တုန်းကမျှ မနှစ်သက်ခဲ့ဘူး ကျိန်းအားရ်၊ ငါ ဒီစာကို ဖတ်ပြီးတော့ မင်းရဲ့ ဦးလေးဆီကို စာရေးခဲ့တယ်၊ ငါ သူ့ကို မင်း သေသွားပြီလို့ ပြောခဲ့တယ်၊ ငါ မင်း လိုဝှဒ်ကျောင်းမှာ သေသွားပြီလို့ ပြောခဲ့တယ်၊ အခု ထွက်သွားပါတော့၊ ငါ့ကို ထားခဲ့ပါတော့"

သိပ်မကြာမီမှာပင် မစ္စရိဒ် သေဆုံးသွားခဲ့ပြီး ကျွန်မ သွန်းဖီးလ်ဟောလ်သို့ ပြန်လာခဲ့သည်။ နွေရာသီဖြစ်ပြီး သွန်းဖီးလ် ဟောလ်အနီးရှိ လွင်ပြင်များမှာ အလွန်တိတ်ဆိတ်၍ လှပနေခဲ့ သည်။ ကျွန်မအတွက်တော့ ဤနေရာသည် ကမ္ဘာပေါ်တွင် အလှဆုံးနေရာပင် ဖြစ်သည်။ ၎င်းသည် ယခုအခါ ကျွန်မ၏အိမ် ဖြစ်နေပေပြီ။

"အေဒယ်ကတော့ ငါ့ကို မြင်ရင် ဝမ်းသာမှာပဲ" ဟု ကျွန်မ တွေးမိခဲ့သည်။ "ဒါပေမယ့် မစ္စတာရိုချက်စတာကရော ဘယ်လိုလဲ၊ သူက ငါ အတွေ့မြင်ချင်ဆုံးသူပါပဲ၊ ဒါပေမယ့် သူကကော ငါ့ကို တွေ့ချင်ပါ့မလား၊ အခုဆိုရင် သူ ဘလမ်ချီအင်ဂရမ်နဲ့ လက်ထပ်ပြီးကောင်း ပြီးကြမှာပဲ၊ လက်မထပ်ကြရသေးရင်လဲ သူတို့ မကြာခင် လက်ထပ်ကြမှာပဲ" မစ္စတာ ရိုချက်စတာနှင့် ဘလမ်ချီအင်ဂရမ်အကြောင်း တွေးမိသောအခါ ကျွန်မ ဝမ်းနည်း လာဏ်။ "ဒါကြောင့် ငါ ဒီလုပတဲ့ နေရာကို မကြာခင် စွန့်ခွာ ရမှာပဲ" ဟု ကျွန်မ တွေးမိသည်။ "မစ္စတာရိုချက်စတာ လက်ထပ် သွားရင် ငါ ဒီမှာ နေနိုင်မှာ မဟုတ်ဘူး၊ ငါ ဘယ်တော့မှ သွန်း ဖီးလ်ဟောလ်ကို ထပ်မြင်ရတော့မှာ မဟုတ်ဘူး၊ ပြီးတော့ ဒီထက်

ပိုဆိုးတာက ငါ မစ္စတာရိုချက်စတာကို ဘယ်တော့မှ ထပ်တွေ့ရမှာ မဟုတ်တော့ဘူး”

ကျွန်မ အိမ်အနီးရောက်သောခါ မစ္စတာရိုချက်စတာနှင့် တွေ့ခဲ့သည်။ ကျွန်မကို တွေ့ရသည်ကို သူ နှစ်သက်ပုံ ရကြောင်း တွေ့ရသောအခါ ကျွန်မ ပိုမိုပျော်ရွှင်လာခဲ့သည်။ အေဒဲယ်နှင့် မစ္စဖဲယားဖက်စ်တို့သည်လည်း ကျွန်မအား မြင်ရသည်ကို ဝမ်းသာခဲ့ကြပါသည်။ “အခု ဧည့်သည်တွေ အားလုံး ပြန်သွားကြပြီ”ဟု မစ္စဖဲယားဖက်စ်က ပြောသည်။ “ဒီမှာ အခု အရမ်းတိတ်ဆိတ်နေတယ်၊ မင်းကို ပြန်တွေ့ရတာ ဝမ်းသာလိုက်တာ”

“ဟုတ်ပါတယ်၊ ဒါ ကျွန်မ အိမ်ပဲ” ဟု ကျွန်မ တွေးမိခဲ့သည်။ “ငါ ဒီမှာ အမြဲတမ်း ပျော်နိုင်တာပဲ၊ ဘယ်လိုများကြောင့် ဒီနေရာကို စွန့်ခွာရမှာလဲ”

ကျွန်မသည် အေဒဲယ်ကို ပြန်လည်၍ စာသင်ပေးခဲ့သည်။ အရာအားလုံးမှာ ယခင်အတိုင်းဖြစ်သည်။ မစ္စတာရိုချက်စတာသည် ဘလမ်ချီအင်ဂရမ်နှင့် လက်ထပ်ရတော့မည့်အကြောင်းကို ဘာမျှမပြောမဆိုဘဲ နေဆဲဖြစ်သည်။ ထို့နောက် တစ်ညနေတွင် သူ ကျွန်မကို ပန်းခြံထဲတွင် တွေ့ခဲ့သည်။ “ငါနဲ့ လာစကားပြောပါလား ဂျိန်း” ဟု သူက ပြောသည်။

ကျွန်မ သူ့ဆီကို လျှောက်သွားခဲ့သည်။ “အခု” ကျွန်မ တွေးမိခဲ့သည်။ “သူ လက်ထပ်တော့မယ့်အကြောင်း ပြောတော့မယ် ထင်တယ်”

“မင်း ဒီမှာ ပျော်ရဲ့လား ဂျိန်း” ဟု သူက မေးခဲ့သည်။

"ဟုတ်ကဲ့၊ ကျွန်မ အရမ်းပျော်ပါတယ်" ဟု ကျွန်မ ဖြေခဲ့သည်။

"ပြီးတော့ မင်း အေဒယ်နဲ့ မစ္စဖဲယားဖက်စ်ကို ချစ်ခင်သလား"

"အလွန်အလွန်ပါပဲ" ဟု ကျွန်မက ပြောသည်။

"မင်း သူတို့နဲ့ ခွဲခွာရမယ်ဆိုရင် ဝမ်းနည်းမှာပဲနော်" ဟု သူက ပြော၏။

ကျွန်မ အဝေးသို့ လှမ်းကြည့်လိုက်သည်။ "အခု သူလက်ထပ်ရတော့မို့ ငါ ဒီက ထွက်သွားရလိမ့်မယ်လို့ ပြောတော့မယ်" ဟု ကျွန်မ တွေးမိခဲ့သည်။ ကျွန်မ သူ့ကို ကြည့်လိုက်မိ၏။ "ဟုတ်ကဲ့" ဟု ကျွန်မ ဖြေခဲ့သည်။ "ကျွန်မ ခွဲခွာသွားရရင် အလွန်ပဲ ဝမ်းနည်းမှာပဲ"

"ဒါပေမယ့် မင်း သွားရတော့မယ်၊ မင်း သိရဲ့လား" ဟု မစ္စတာရိုချက်စတာက ပြောသည်။

"ကျွန်မလား၊ ကျွန်မ မကြာခင် ထွက်သွားရမှာလား"

"ဟုတ်တယ်၊ မကြာခင်ပဲ"

"ဒီလိုဆို ရှင် လက်ထပ်တော့မှာပေါ့"

"ဟုတ်တယ်၊ ငါလက်ထပ်တော့မယ်၊ အေဒယ်လဲ ကျောင်းကို သွားရလိမ့်မယ်၊ ပြီးတော့ မင်း အလုပ်သစ်တစ်ခု ရလိမ့်မယ်၊ ငါ မင်းကို အလုပ်တစ်ခု ရှာပေးနိုင်ပါတယ်၊ ဒီနေရာက အဝေးမှာပေါ့"

"ဒီနေရာက အဝေးမှာ" ဟု ကျွန်မက မေးခဲ့၏။ "နောက် ပြီးတော့ ကျွန်မ သွန်းဖီးလ်ဟောလ်ကို ထပ်မြင်ရတော့မှာ

မဟုတ်ဘူး၊ ပြီးတော့...ပြီးတော့...ရှင့်ကိုလဲ ထပ်တွေ့ရမှာ မဟုတ်တော့ဘူးလား မစ္စတာရိုချက်စတာ"

"အို ...မင်း ဒီကနေ ဝေးသွားတဲ့အခါ မင်း မကြာခင် ငါ့ကို မေ့သွားမှာပါ" ဟု သူက ပြောခဲ့သည်။

"မဟုတ်ဘူး" ဟု ကျွန်မ တွေးမိသည်။ "ရှင်ကသာ ကျွန်မကို မေ့သွားမှာပါ၊ ဒါပေမယ့် ကျွန်မ ရှင့်ကို ဘယ်တော့မှ မေ့မှာ မဟုတ်ဘူး"

"ဘယ်တော့မှ မမေ့ဘူး" ဟု ကျွန်မ သူ့ကို နောက်ဆုံးတွင် ဖြေခဲ့၏။ ပြီးနောက် ကျွန်မ စတင် ငိုကြွေးမိလေသည်။ စကား မပြောနိုင်တော့ချေ။

သူ ကျွန်မကို သေချာစွာ ကြည့်နေခဲ့သည်။ နောက်ဆုံးတွင် သူ ထပ်၍ စကားပြောခဲ့သည်။ "မင်းသွားဖို့ မလိုအပ်နိုင်ပါဘူး" ဟု သူက ပြောသည်။ "ငါ လက်ထပ်တဲ့အခါမှာလဲ မင်း ဒီမှာ နေနိုင်မှာပါ"

မစ္စတာရိုချက်စတာသည် ကျွန်မတွင် ဘာခံစားချက်မျှ မရှိဘူးဟု ထင်နေသလား မသိပါ။ ကျွန်မ ဘယ်လောက် ခံစား နေရသည်ကို သူနားမလည်နိုင်ဘူး။ ကျွန်မ၏ ခံစားချက်များမှာ အလွန်တရာပင် အရေးမပါလေသလား။ ကျွန်မ ဒေါသထွက် လာခဲ့သည်။

"မဟုတ်ဘူး" ကျွန်မ သူ့ကို ပြောခဲ့သည်။ "ကျွန်မ ဘယ်တော့မှ မနေနိုင်ဘူး၊ ကျွန်မ မနေနိုင်ဘူး၊ မစ္စအင်ဂရမ်... မစ္စအင်ဂရမ်ဟာ ရှင့်ဇနီး ဖြစ်လာလိမ့်မယ်၊ ကျွန်မဟာ မစ္စအင် ဂရမ်လို ချမ်းသာပြီး လှပမှုမရှိမှန်း ကျွန်မ သိပါတယ်၊ ကျွန်မဟာ

သိပ်ဆင်းရဲပြီး သိပ်အရေးမပါပါဘူး၊ ဒါပေမယ့် ကျွန်မ ဝမ်းနည်းနေတုန်းပဲ၊ ပြီးတော့ ရှင် မစ္စအင်ဂရမ်နဲ့ လက်ထပ်ရင် ကျွန်မဒီက ထွက်သွားရလိမ့်မယ်”

မစ္စတာရိုချက်စတာသည် ကျွန်မကို စိုက်ကြည့်နေခဲ့ပြီးနောက် သူ ပြုံးလာခဲ့သည်။ “ငါ မင်းကို မသွားစေချင်ပါဘူး ကျိန်း၊ ပြီးတော့ ငါ မစ္စအင်ဂရမ်ကိုလဲ လက်မထပ်ပါဘူး၊ သိပ်စိတ်မလုပ်ရှားပါနဲ့၊ ငါ မင်းကို ဒီမှာ နေစေချင်ပါတယ်၊ ငါ လက်ထပ်ချင်တာ မင်းကိုပါ”

ကျွန်မ သူ့ကို မယုံနိုင်ခဲ့ပါ။ “အခု ရှင် ကျွန်မကို လှောင်နေတာလား” ဟု ကျွန်မ ပြောခဲ့သည်။

“မဟုတ်ဘူး၊ ငါ မလှောင်ပါဘူး” ဟု သူက အဖြေပေးခဲ့သည်။ “ငါက မင်း ငါ့ကို လက်ထပ်ချင်တယ်၊ ကျိန်း...မင်း ငါ့ကို လက်ထပ်နိုင်မလား”

သူ ကျွန်မကို အလွန်တည်ကြည်လေးနက်စွာ ကြည့်နေခဲ့သဖြင့် နောက်ဆုံးတွင် ကျွန်မ သူ့ကို ယုံကြည်နိုင်ခဲ့သည်။ မစ္စတာရိုချက်စတာသည် ကျွန်မကို လက်ထပ်ချင်နေသည်။ သူ ကျွန်မကို သူ၏ ဇနီးမယား ဖြစ်စေချင်သည်။

“ဟုတ်ကဲ့၊ ကျွန်မ ရှင့်ကို လက်ထပ်နိုင်ပါတယ်” ဟု ကျွန်မ ဖြေခဲ့သည်။

“ငါ မင်းကို ပျော်ရွှင်စေနိုင်ပါလိမ့်မယ် ကျိန်း” ဟု သူ ပြောခဲ့သည်။ “ဘယ်သူကမှ ငါတို့ကို မတားမြစ်နိုင်ပါဘူး” ဟု ထူးဆန်းပြီး ဝမ်းနည်းမှုတစ်ဝက် ရောနေသည့်အကြည့်ဖြင့် သူ ဆက်ပြောခဲ့သည်။ ကျွန်မ ထိုအကြည့်ကို နားမလည်နိုင်ခဲ့သော်

မစ္စတာရိုချက်စတာသည် ကျွန်မကို လက်ထပ်ချင်နေသည်။ သူ ကျွန်မကို သူ၏ ဇနီးမယား ဖြစ်စေချင်သည်။

လည်း ထိုအတွက် စိတ်ပူပင်ရသည်ကိုပင် ကျွန်မ အလွန်ပျော်ရွှင်ခဲ့ပါသည်။

မှောင်လာခဲ့သည်။ လေသည်သည်း စတင် တိုက်ခတ်လာပြီး မိုးစတင်ရွာလာခဲ့သည်။ ထို့ကြောင့် အိမ်ဆီသို့ ကျွန်မတို့ အတူ လမ်းလျှောက်ပြန်လာကြသည်။

✧

နောက်တစ်လခန့်အတွင်းမှာပင် ကျွန်မ၏ လက်ထပ်မင်္ဂလာပွဲနေ့ ဖြစ်လာခဲ့သည်။ မင်္ဂလာပွဲမတိုင်မီ နှစ်ညအလိုတွင် ကျွန်မ အိပ်ရာပေါ်တွင် အိပ်စက်နေခဲ့သည်။ ကျွန်မ၏ မင်္ဂလာသတို့သမီးဝတ်စုံမှာ အခန်းထဲ၌ ရှိနေခဲ့သည်။ ထိုညက လေထန်သော ညတစ်ည ဖြစ်၏။ လေကြောင့် ထူးဆန်းသော အသံတစ်ခု ဖြစ်လာသည်။ ရုတ်တရက် ကျွန်မ လန့်နိုးလာခဲ့၏။ အခန်းထဲတွင် အလင်းရောင်တစ်ခု ရှိနေခဲ့သည်။ နံနက် မိုးလင်းပြီဟု ကျွန်မ ထင်ခဲ့သော်လည်း အပြင်ဘက်၌ မှောင်နေဆဲဖြစ်၏။

ကျွန်မ အခန်းထဲ၌ တစ်စုံတစ်ဦး ရှိနေခဲ့သည်။ မစ္စဖဲယားဖက်စ်များလား၊ ဂရေ့စ်ပူးလ်များလား၊ သူတို့တစ်ဦးမျှ မဟုတ်ခဲ့ပေ။ ထိုသူမှာ မိန်းမတစ်ဦးဖြစ်ပြီး ကျွန်မ သူမအား မသိခဲ့ချေ။ သူမသည် အရပ်အမောင်းမြင့်ပြီး သန်မာထွားကျိုင်းသော မိန်းမကြီးတစ်ဦး ဖြစ်သည်။ သူ၏ နက်မှောင်သော ဆံပင်များမှာ ရှည်လျားပြီး ထူထဲနေ၏။ သူ၏ အဝတ်အစားများမှာ ရှည်လျားပြီး အဖြူရောင်ဖြစ်၏။ အစပထမ၌ ကျွန်မသည် သူမ၏ မျက်နှာကို မမြင်ရချေ။ သူမက ကျွန်မ၏ ဝတ်စုံကိုယူပြီး သူ့ရှေ့တွင် ကိုင်ထားလိုက်သည်။ သူမကိုယ် သူမ မှန်ထဲတွင် ကြည့်လိုက်၏။ ထို့ကြောင့် သူမ မျက်နှာကို ကျွန်မ မြင်ခဲ့ရသည်။

၎င်းမှာ ကြောက်ရွံ့ဖွယ် အကောင်းဆုံး မျက်နှာတစ်ခုပင်ဖြစ်၏။ အမျိုးသမီး၏ မျက်လုံးများမှာ ကျယ်ဝန်းပြီး နီရဲနေကာ သူမ၏ မျက်နှာမှာ ပန်းရောင်ပြေးနေသည်။ သူမသည် ဒေါသကြီး၍ ရက်စက်ပုံ၊ ကြောက်စရာပုံ ပေါက်နေ၏။

ထို့နောက် ကျွန်မ၏ဝတ်စုံကို ယူလိုက်ပြီး အပိုင်းအစများ ဖြစ်အောင် ဒေါသတကြီးနှင့် ဆွဲဖြဲပစ်ခဲ့သည်။ သူမသည် အပိုင်းအစ လေးများကို ကြမ်းပြင်သို့ လွှတ်ချလိုက်သည်။ ထို့နောက် ပြတင်း ပေါက်အနီးသို့ သွားပြီး အပြင်သို့ ကြည့်နေခဲ့၏။ ထို့နောက် ကျွန်မ ခုတင်ဆီသို့ စတင်လျှောက်လှမ်းလာခဲ့သည်။ ကျွန်မသည် အလွန် ကြောက်ရွံ့သွားပြီး မလှုပ်ရှားနိုင်တော့ပေ။ အကူအညီ တောင်းရန် မတတ်နိုင်တော့ဘဲ ခုတင်ပေါ်တွင်သာ လဲလျောင်း နေခဲ့၏။ "သူ ငါ့ကို သတ်တော့မှာလား" ဟု ကျွန်မ တွေးမိခဲ့သည်။ သို့သော် ရုတ်တရက် အလင်းရောင်ပျောက်ကွယ်သွားပြီး အခန်း ထဲတွင် ပြန်လည် မှောင်မိုက်သွားခဲ့သည်။

ကျွန်မ နိုးလာသောအခါ မိုးလင်းနေခဲ့ပြီ။ နေထွက်နေပြီ ဖြစ်၏။ ချက်ချင်းပင် ထိုထူးဆန်းပြီး ကြောက်ရွံ့ဖွယ်ကောင်းသော မိန်းမကို ကျွန်မ သတိရလာခဲ့သည်။ ဒါတွေအားလုံးဟာ အမှန် တကယ်ဖြစ်လာခဲ့တာလား။ ဒါမှမဟုတ် အိပ်မက် မက်တာလား။ သူမဟာ ညလယ်ခေါင်မှာ ကျွန်မ အခန်းထဲကို တံကယ်ပဲ ရောက် လာတာလား။ ထို့နောက် ကျွန်မ သတို့သမီးဝတ်စုံကို တွေ့ရ၏။ ၎င်းမှာ အပိုင်းပိုင်းစုတ်ပြဲနေပြီး ကြမ်းပြင်ပေါ်တွင် တစ်စစီပြန့်ကျဲ နေခဲ့၏။ ကျွန်မသည် အဝတ်အပိုင်းအစများကို ကောက်ကိုင် လိုက်မိသည်။ ထို့ကြောင့် ဤသည်မှာ အမှန်တကယ်ပင် ဖြစ်သည်။ ထိုကြောက်မက်ဖွယ် အမျိုးသမီးမှာ အမှန်တကယ်ပင် ရှိသည်။

ကျွန်မသည် မစ္စတာရိုချက်စတာ့ကို ထိုမိန်းမအကြောင်း နှင့် ကျွန်မ၏ဝတ်စုံကို ပြလိုက်သောအခါ သူ အလွန် စိတ်ပူ သွားဟန်ရှိပြီး အချိန်ကြာမြင့်စွာ ငြိမ်သက်သွားခဲ့သည်။

"ကျိန်း၊ မင်း အိပ်မက်ဆိုးမက်တာလို့ ငါထင်တယ်၊ မင်းဝတ်စုံကို အမှန်တကယ် စုတ်ဖြဲတဲ့သူဟာ ဂရေ့စ်ပူးလ် ဖြစ်ကောင်းဖြစ်မယ်လို့ ငါထင်တယ်"

"ကျိန်း၊ မင်း အိပ်မက်ဆိုး မက်တာလို့ ငါ ထင်တယ်" ဟု သူက နောက်ဆုံးတွင် ပြောခဲ့သည်။ "မင်းဝတ်စုံကို အမှန်တကယ် စုတ်ဖြဲတဲ့သူဟာ ဂရေ့စ်ပူးလ် ဖြစ်ကောင်း ဖြစ်မယ်လို့ ငါထင်တယ်၊ မင်း အိပ်မက်ထဲမှာတော့ သူမဟာ လူစိမ်းတစ်ဦး ဖြစ်နေမှာပေါ့"

ထိုအကြောင်းနှင့် ပတ်သက်၍ ကျွန်မ မသေချာခဲ့ပါ။ သို့သော် ကျွန်မ ဘာမျှ မပြောခဲ့ပါ။ မင်္ဂလာပွဲမစမီ ထိုညတွင် ကျွန်မသည် အေဒယ်၏ အခန်းတွင် သွားအိပ်ခဲ့သည်။

ကျွန်မ၏ မင်္ဂလာပွဲနေ့ ရောက်လာပြီး ကျွန်မတို့ ဘုရားရှိခိုးကျောင်းသို့ သွားခဲ့ကြသည်။ သို့သော် မင်္ဂလာပွဲ မဖြစ်မြောက်ခဲ့ပါ။ ဘုရားရှိခိုးကျောင်းတွင် ဘုန်းတော်ကြီးများ ရွတ်ဖတ်နေခိုက် တစ်စုံတစ်ဦးသည် ကျောဘက်ရှိ တံခါးကို ဖွင့်လိုက်ပြီး ဝင်လာကာ အော်ပြောခဲ့သည်။ "မင်္ဂလာပွဲကို ရပ်လိုက်ပါ၊ မစ္စတာရိုချက်စတာဟာ လက်ထပ်ခွင့်မရှိဘူး၊ သူ့မှာ ဇနီးတစ်ဦး ရှိနေခဲ့ပြီး ဖြစ်တယ်၊ သူဟာ ကျွန်တော့်ရဲ့ နှမကို လက်ထပ်ခဲ့တယ်"

ဘုရားရှိခိုးကျောင်းထဲရှိ လူအားလုံးက ထိုသူ့ကို လှည့်ကြည့်ခဲ့ကြသည်။ ၎င်းမှာ အနောက်ပိုင်းအင်ဒီးစ်မှ မစ္စတာမေဆွန်ပင် ဖြစ်သည်။ သို့သော် သူ့နှမမှာ ဘယ်သူလဲ။ မစ္စတာရိုချက်စတာဟာ ဘယ်လို လက်ထပ်နိုင်ခဲ့သလဲ။ ကျွန်မ မယုံကြည်နိုင်ခဲ့ပါ။ ကျွန်မ နှလုံးသားမှာ အေးစက်သွားခဲ့ပါသည်။ ကျွန်မ မစ္စတာရိုချက်စတာကို လှည့်ကြည့်ခဲ့သည်။ သူ့မျက်နှာမှာ ဖြူရော်ပြီး ခက်ထန်နေသည်။ သို့သော် မစ္စတာမေဆွန် မှားယွင်းကြောင်း သူ မပြောနိုင်ခဲ့ပါ။

"ဒါပေမယ့် မစ္စတာရိုချက်စတာရဲ့ဇနီး၊ မင်းရဲ့နှမက ဘယ်မှာလဲ" ဟု ဘုန်းတော်ကြီးက မစ္စတာမေဆွန်ကို မေးခဲ့သည်။ "သူ ဘယ်မှာနေတာလဲ"

"သူမဟာ သွန်းဖီးလ်ဟောလ်မှာ နေပါတယ်" ဟု မစ္စတာမေဆွန်က ဖြေသည်။ "သူမဟာ အသက်ရှင်လျက် ရှိပါသေးတယ်၊ လွန်ခဲ့တဲ့ ဧပြီလက ကျွန်တော် သူမကို အဲဒီမှာ တွေ့ခဲ့ပါတယ်"

တစ်စုံတစ်ဦးသည် ဘုရားရှိခိုးကျောင်း၏ ကျောဘက်ရှိ တံခါးကို ဖွင့်လိုက်ပြီး
ဝင်လာကာ အော်ပြောခဲ့သည်။ "မင်္ဂလာပွဲကို ရပ်လိုက်ပါ"

"သွန်းဖီးလ်ဟောလ်မှာ" ဟု ဘုန်းတော်ကြီးက ပြောခဲ့သည်။ "ဒါပေမယ့် သွန်းဖီးလ်ဟောလ်မှ မစ္စရိုချက်စတာ မရှိဘူးဆိုတာ ငါ သိတယ်၊ မင်းမှားတာ ဖြစ်ရမယ်"

မစ္စတာရိုချက်စတာမှာ အချိန်ကြာမြင့်စွာ ငြိမ်သက်နေခဲ့သည်။ "ကျွန်တော်.ရှင်းပြနိုင်ပါတယ်" ဟု သူက နောက်ဆုံးတွင် ပြောခဲ့သည်။ "ကျွန်တော် ခင်ဗျားတို့အားလုံးကို ပြောပြပါမယ်၊ ဒါ အမှန်ပါပဲ၊ ကျွန်တော့်ဇနီးဟာ သွန်းဖီးလ်ဟောလ်မှာ ရှိနေပါတယ်၊ ကျွန်တော်တို့ဟာ လူငယ်ဘဝတုန်းက အနောက်ပိုင်း အင်ဒီးစ်မှာ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်က လက်ထပ်ခဲ့ကြပါတယ်၊ ကျွန်တော့်ဇနီးရဲ့ အမည်က ဘာသာမေဆွန် ဖြစ်တယ်၊ သူဟာ မစ္စတာမေဆွန်ရဲ့ နှမပါပဲ၊ လက်ထပ်ပြီး သိပ်မကြာခင်မှာပဲ ဘာသာဟာ အလွန်ထူးခြားလာခဲ့တယ်၊ တဖြည်းဖြည်းနဲ့ သူမဟာ စိတ်ဖောက်ပြန်လာပြီး အန္တရာယ် ရှိလာခဲ့တယ်၊ သူမဟာ ကျွန်တော့်ကို သတ်ချင်ခဲ့တယ်၊ ပြီးတော့ သူမ အနားကိုလာတဲ့ ဘယ်သူ့ကိုမဆို သတ်ဖို့ကြိုးစားခဲ့တယ်၊ လွန်ခဲ့တဲ့ ဇပြီလက သူ့အစ်ကို မစ္စတာမေဆွန်ကို သတ်ဖို့ ကြိုးစားခဲ့ပါသေးတယ်"

"ဘာသာရဲ့အကြောင်းကို ဘယ်သူမှ မသိခဲ့ကြပါဘူး၊ သူမဟာ ကျွန်တော့်ဇနီးလို့ ဘယ်သူမှ မသိကြပါဘူး၊ ဒီအမျိုးသမီးငယ် ကျိန်းအားရ်ဟာ သူမ အကြောင်း ဘာမှ မသိခဲ့ပါဘူး၊ သူနာပြုဆရာမ ဂရေ့စ်ပူးလ်ကပဲ ဘာသာကို စောင့်ရှောက်ပေးခဲ့တယ်" မစ္စတာရိုချက်စတာ၏ မျက်နှာမှာ တည်ကြည်ပြီး အရောင်မရှိတော့ချေ။ "ကျွန်တော်နဲ့အတူ လိုက်ခဲ့ကြပါ" ဟု

သူက ပြောခဲ့သည်။ "အခု ကျွန်တော် ခင်ဗျားတို့အားလုံးကို သူမကို တွေ့ဖို့ ခေါ်သွားပါမယ်"

ကျွန်မတို့အားလုံး ဘုရားရှိခိုးကျောင်းမှ ထွက်လာခဲ့ကြသည်။ စကားတစ်ခွန်းမျှ မပြောဘဲ သွန်းဖီးလ်ဟောလ်သို့ ကျွန်မတို့ ပြန်ခဲ့ကြသည်။ ကျွန်မတို့ ထိုနေရာရောက်သောအခါ မစ္စတာ ရိုချက်စတာက ကျွန်မတို့ကို ထပ်ခိုးဆီသို့ ခေါ်ဆောင်သွားခဲ့သည်။ သူက သော့ကို ထုတ်လိုက်ပြီး တံခါးဖွင့်လိုက်၏။ ဂရေ့စ်ပူးလ်မှာ အခန်းထဲတွင် ရှိနေ၏။ သူမနှင့်အတူ ရူးသွပ်ရွံရှာဖွယ် ရယ်သံ ပြုလုပ်သူ၊ ကျွန်မ အခန်းထဲတွင် တွေ့ခဲ့ရသော ကြောက်မက်ဖွယ် အမျိုးသမီး၊ ထိတ်လန့်ဖွယ်ရာ အမျိုးသမီးလည်း ရှိနေခဲ့သည်။ သူသည် မစ္စတာမေဆွန်ကို သတ်ရန် ကြိုးစားခဲ့သူဖြစ်ပြီး မစ္စတာ ရိုချက်စတာ၏ အခန်းကို မီးရှို့သူဖြစ်သည်။ သူမမှာ စိတ်ဖောက် ပြန်နေခဲ့သည်။ သို့သော် သူမသည် မစ္စတာရိုချက်စတာ၏ ဇနီး မယားဖြစ်၍ ကျွန်မ သူ့ကို လက်မထပ်နိုင်တော့ချေ။

"သနားစရာကောင်းတဲ့ မစ္စတာရိုချက်စတာ" ကျွန်မ သူ့အတွက် ဝမ်းနည်းရလေသည်။ သို့သော် ယခု ကျွန်မ သွန်းဖီးလ် ဟောလ်တွင် နေနိုင်စွမ်း မရှိတော့ချေ။

"ငါ ဒီအိမ်ကို ထာဝရခွဲခွာရတော့မယ်" စိတ်လေးလေးနှင့်ပင် ကျွန်မ တွေးမိခဲ့သည်။ "ငါ ဘယ်တော့မှ ပြန်မလာနိုင်တော့ဘူး၊ ပြီးတော့ ငါ မစ္စတာရိုချက်စတာကိုလဲ ဘယ်တော့မှ တွေ့ရတော့မှာ မဟုတ်ဘူး"

ဝမ်းနည်းစွာဖြင့်ပင် သာမန် အဝတ်အစားဟောင်း အနည်းငယ်ကို သေတ္တာငယ်တစ်လုံးထဲသို့ ကျွန်မ ထည့်လိုက်သည်။

ကျွန်မ၏လုပသော အဝတ်အစားသစ်များကို မယူဆောင်ခဲ့ပါ။ ကျွန်မ ငွေအနည်းငယ်ကို ယူ၍ နံနက်စောစောတွင် သွန်းဖီးလ်ဟောလ်မှ တိတ်ဆိတ်စွာ ထွက်ခွာလာခဲ့သည်။ ကျွန်မသည် ဘယ်သူ့ကိုမျှ နှုတ်မဆက်ခဲ့ပါ။ ဘယ်သူမှလည်း ကျွန်မ ထွက်သွားသည်ကို မမြင်ခဲ့ကြပါ။

✧

ကျွန်မသည် တတ်နိုင်သမျှ သွန်းဖီးလ်ဟောလ်မှ အဝေးဆုံးသို့ ထွက်သွားလိုခဲ့သည်။ ကျွန်မ၏ ငွေအားလုံးကို ကျွန်မ သုံးခဲ့သည်။ နှစ်ရက်နှင့် နှစ်ညကြာ ခရီးသွားပြီးသောအခါ နောက်ဆုံးတွင် မည်သည့်မြို့၊ မည်သည့်ကျေးရွာမျှ မဟုတ်သော အိမ်ခြေအနည်းငယ်သာ ရှိသည့် နေရာသို့ ရောက်သွားခဲ့သည်။ ကျွန်မတွင် အစားအစာဝယ်ရန်ပင် ငွေ မရှိတော့ချေ။ အလွန်မောပန်းပြီး အလွန်ဆာလောင်နေခဲ့ပါသည်။

ညနေခင်းအချိန်ဖြစ်ပြီး မှောင်စပျိုးလာခဲ့သည်။ ကျွန်မသည် အိမ်တစ်လုံးတည်းကိုသာ မြင်နိုင်ခဲ့သည်။ အိမ်ဆီသို့ သွားပြီး ပြတင်းပေါက်မှတစ်ဆင့် ကြည့်လိုက်၏။ အခန်းထဲတွင် မိန်းမပျိုနှစ်ဦး ရှိနေခဲ့သည်။ သူတို့သည် ကြင်နာပုံရသဖြင့် ကျွန်မ တံခါးခေါက်လိုက်သည်။ အစေခံတစ်ဦးက တံခါးလာဖွင့်ပေးခဲ့၏။

"ရှင် ဘယ်သူလဲ" ဟု သူမက မေးခဲ့သည်။ "ရှင် ဘာလိုချင်လို့လဲ"

"ကျွန်မဟာ လူစိမ်းတစ်ဦးပါ" ဟု ကျွန်မ ပြောခဲ့သည်။

"ကျွန်မမှာ ငွေရော အစားအစာပါ မရှိပါဘူး၊ ကျွန်မ ပင်ပန်းပြီး ဆာလောင်နေပါတယ်၊ ကျေးဇူးပြုပြီး ကျွန်မကို ကူညီပါရှင်"

အစ်စေခံသည့် ကျွန်မကို အတော်ကြာ စိုက်ကြည့်နေခဲ့သည်။ "ကျွန်မ ရှင့်ကို ပေါင်မုန့်တချို့ပေးနိုင်ပါတယ်"ဟု နောက်ဆုံးတွင် သူမက ဖြေခဲ့၏။ "ဒါပေမယ့် ပြီးရင်တော့ ရှင် ထွက်သွားရလိမ့်မယ်" သူသည် ကျွန်မကို ထားခဲ့ပြီး ပေါင်မုန့်တစ်လုံးနှင့် အတူ ပြန်ရောက်လာသည်။ "အခု ထွက်သွားပါတော့"ဟု သူမက ပြောသည်။ "ရှင် ဒီမှာနေလို့ မရဘူး"

သို့သော် ကျွန်မမှာ လူပ်ရှားရန် အလွန်မောပန်းနေသည်။ တံခါးအနီး မြေကြီးပေါ်တွင် ထိုင်ချလိုက်၏။ "ဘယ်သူမှ ငါ့ကို မကူညီကြဘူး" ဟု ကျွန်မ ပြောမိသည်။ "ငါ သေရတော့မယ်"

ကျွန်မ မသိခဲ့သော်လည်း တစ်စုံတစ်ဦးက ကျွန်မကို ကြည့်နေခဲ့ပြီး နံးထောင်နေခဲ့သည်။

"မဒေသပါဘူး" ဟု သူ ပြောခဲ့၏။ "မင်း ဘယ်သူလဲ" ကျွန်မ မော်ကြည့်လိုက်သောအခါ အရပ်မြင့်သော လူငယ်တစ်ဦးကို တွေ့ရသည်။ သူ တံခါးကို ကျယ်လောင်စွာ ခေါက်လိုက်၏။ အစေခံက ထပ်မံ၍ တံခါးလာဖွင့်ပေးခဲ့သည်။

"ဟန်နာ့ချ်" ဟု လူငယ်က မေးခဲ့သည်။ "ဒီမိန်းမပျိုလေးက ဘယ်သူလဲ"

"ကျွန်မ မသိပါဘူး" ဟု အစေခံ ဟန်နာ့ချ်က ပြောခဲ့၏။ "ကျွန်မ သူ့ကို ထွက်သွားဖို့ ပြောခဲ့ပါတယ်၊ ဒါပေမယ့် သူမ ဒီနေရာမှာ ရှိနေတုန်းပဲ၊ ထွက်သွားပါ" ဟု သူမက ကျွန်မကို ပြောခဲ့သည်။

ကျန်မ မသိခဲ့သော်လည်း တစ်စုံတစ်ဦးက ကျန်မကို ကြည့်နေခဲ့ပြီး နားထောင်နေခဲ့သည်။ "မင်း မသေပါဘူး" ဟု သူ ပြောခဲ့၏။

"မဟုတ်သေးဘူး ဟန်နာ့ချ်၊ သူ ထွက်မသွားနိုင်ဘူး၊ သူမ ဟာ နေမကောင်းဖြစ်နေပြီး ငါတို့ရဲ့ အကူအညီ လိုအပ်နေတယ်၊ သူမ အိမ်ထဲဝင်ပါစေ" ဟု လူရွယ်က ပြောသည်။

သူတို့သည် ကျွန်မကို အိမ်ထဲသို့ ခေါ်သွားကြသည်။ အခန်းမှာ နွေးထွေး၏။ မိန်းမပျိုနှစ်ဦးသည်လည်း ကျွန်မနှင့် စကားပြောရန် ရောက်လာကြ၏။

"မင်းရဲ့နာမည်က ဘာလဲ" ဟု သူတို့က မေးခဲ့သည်။

"ကျွန်မရဲ့ နာမည်က ကျိန်းအီလီယော့ပါ" ဟု ကျွန်မက ပြောခဲ့၏။ ကျွန်မ၏ နာမည်အမှန်ကို မည်သူ့ကိုမျှ မသိစေလိုပါ။ မစ္စတာရိုချက်စတာက ကျွန်မကို ရှာတွေ့မသွားစေလိုပါ။ ကျွန်မ သည် ဘဝသစ်ကို တစ်ဖန်ပြန်စချင်သည်။

ကျွန်မ၏မိတ်ဆွေသစ်များက ကျွန်မကို အစားအစာ တချို့ ကျွေးပြီး အချိန်ကြာမြင့်စွာ အိပ်စက်ရမည့် အိပ်ခန်းတစ်ခန်းဆီသို့ ခေါ်သွားခဲ့ကြသည်။

ရက်အနည်းငယ်ကြာသောအခါ ကျွန်မ နေကောင်းသွား ခဲ့ပြီး ကြင်နာသော မိတ်ဆွေသစ်များကို စကားပြောနိုင်ခဲ့သည်။ သူတို့၏ အမည်များမှာ ဒိုင်ယာနာနှင့် မေရီရစ်ဗားစ်တို့ ဖြစ်သည်။ လူရွယ်မှာ သူတို့၏ အစ်ကိုဖြစ်သည်။ သူ့အမည်မှာ စိန့်ဂျွန်ရစ် ဗားစ် ဖြစ်ပြီး သူသည် ခရစ်ယာန်တရားဟော ဓမ္မဆရာတစ်ဦး ဖြစ်သည်။ စိန့်ဂျွန်သည် ဖျော့တော့သော အရောင်ရှိသည့် ဆံပင်နှင့် မျက်လုံးပြာများ ရှိသည်။ အလွန် ချောမောသော လူရွယ်တစ်ဦး ဖြစ်သည်။ သူသည် အမြဲတမ်း အလွန် တည်ကြည်၏။ သူသည်

မကြာခဏ ရယ်ခြင်း ပြုံးခြင်း မရှိပေ။ သူသည် အိန္ဒိယသို့ အလုပ်သွားလုပ်ရန် စီစဉ်နေ၏။

သူ၏ ညီမများမှာ ပို၍ ခင်မင်ဖွယ်ကောင်းသော်လည်း မစ္စတာရိုချက်စတာအကြောင်းကိုမူ ကျွန်မ မပြောလိုခဲ့ချေ။ သူတို့၏ ကြင်နာမှုအတွက် ကျွန်မ ကျေးဇူးတင်ခဲ့ပါသည်။ "ကျွန်မမှာ မိသားစု မရှိပါဘူး" ဟု ကျွန်မ ပြောခဲ့သည်။ "ကျွန်မရဲ့ မိဘ နှစ်ဦးစလုံး သေသွားကြပြီ၊ ကျွန်မဟာ လိုဝုဒ်ကျောင်းမှာ ခြောက်နှစ် ကြာ နေခဲ့ရတယ်၊ အဲဒါပြီးတော့ ကျွန်မ မိသားစုတစ်ခုမှာ အလုပ်တစ်ခုရခဲ့တယ်၊ ဒါပေမယ့် ကျွန်မ ရုတ်တရက် ထွက်ခွာခဲ့ တယ်၊ ကျွန်မ အမှားတစ်ခုမှ မလုပ်ခဲ့ပါဘူး၊ ကျေးဇူးပြုပြီး ကျွန်မကို ယုံပါ"

"အခု မပြောပါနဲ့တော့" ဟု ဒိုင်ယာနာက ပြောသည်။ "မင်း ပင်ပန်းနေပြီ"

"မင်း အခု အလုပ်သစ်တစ်ခု လိုချင်လိမ့်မယ်" ဟု စိန့်ဂျွန်က ပြော၏။

"ဟုတ်ကဲ့"ဟု ကျွန်မ ဖြေခဲ့သည်။ "မြန်နိုင်သမျှ အမြန် ဆုံးပေါ့"

"ကောင်းတယ်၊ ငါ မင်းကို ကူညီနိုင်ပါတယ်"

တစ်လအကြာတွင် ဒိုင်ယာနာနှင့် မေရီတို့သည် အင်္ဂလန် တောင်ပိုင်းတွင် ဆရာမများအဖြစ် အလုပ်လုပ်ရန် သူတို့ အိမ်မှ ထွက်ခွာသွားကြသည်။ စိန့်ဂျွန်က ကျွန်မအား ဘုရားရှိခိုးကျောင်း အနီးမှ ကလေးများကို စာသင်ပေးရန် ပြောခဲ့သည်။ သူတို့မှာ

ဆင်းရဲသောကလေးများဖြစ်ပြီး ကျောင်းမှာလည်း အလွန်သေးငယ်၍ ကျွန်မမှာ တစ်ဦးတည်းသော ဆရာ ဖြစ်သည်။

ကျွန်မ၏အလုပ်ကို ကျွန်မ နှစ်သက်ခဲ့ပါသည်။ ကျွန်မသည် ငွေများများ မရခဲ့ပါ။ သို့သော် အလွန် အလုပ်လုပ်ခဲ့သည်။ ကျောင်းအနီးရှိ အိမ်ငယ်တစ်လုံးတွင် ကျွန်မ နေထိုင်ခဲ့သည်။ ထိုဒေသတွင် လူအမြောက်အမြား မရှိသော်လည်း စိန့်ဂျွန်သည် ကျွန်မအပေါ် အလွန်ကြင်နာပြီး ကျွန်မ ဖတ်ရန် စာအုပ်များကိုလည်း ပေးခဲ့သည်။ ကျွန်မ၏ ကိုယ်ပိုင်အားလပ်ချိန်တွင် စာဖတ်ပြီး ပန်းချီကားများ ဆွဲခဲ့သည်။

တစ်ညနေတွင် ကျွန်မသည် ပန်းချီကားတစ်ချပ်ကို လက်စသတ်နေစဉ် သူ ကျွန်မအိမ်သို့ လာခဲ့သည်။ ကျွန်မ၏ ပန်းချီကားတချို့ကို သူကြည့်နေခဲ့၏။ ထို့နောက် တစ်ခုသော ပန်းချီကားတစ်ချပ်ကို ပိုမို၍ စူးစိုက်စွာ သူ ထပ်မံကြည့်ခဲ့ပြန်သည်။ ဘာတစ်ခုမျှ မပြောဘဲ ပန်းချီကား အောက်ခြေရှိ စာရွက်ပိုင်းကို သူဆုတ်ဖြဲခဲ့ပြီး ၎င်းကို သူ့အိတ်ထောင်ထဲသို့ ဂရုတစိုက် ထည့်ခဲ့သည်။ ထို့နောက် ရုတ်တရက် တိတ်ဆိတ်စွာပင် သူ ပြန်ထွက်သွားခဲ့သည်။ ကျွန်မ အလွန်အံ့သြခဲ့ရသည်။ သူဟာ ဘယ်လောက် ထူးဆန်းတဲ့လူလဲ။

နောက်တစ်ရက်တွင် နှင်းကျနေခဲ့၏။ ထိုနေ့တွင် မည်သည့်ည်သည်မျှ လာမည်မဟုတ်ဟု ကျွန်မ ယူဆခဲ့သည်။ သို့ရာတွင် ညနေပိုင်း၌ တံခါးခေါက်သံတစ်ခု ထွက်ပေါ်လာခဲ့သည်။ ၎င်းမှာ စိန့်ဂျွန်ပင် ဖြစ်သည်။ သူသည် စိုစွတ်ပြီး အေးစိမ့်နေခဲ့သည်။

"ရှင် ဘာလို့ လာတာလဲ၊ သတင်းဆိုးတစ်ခုခု ရှိလို့များလား" ဟု ကျွန်မ မေးခဲ့သည်။ "ရှင့်ညီမတွေရော နေကောင်းကြရဲ့လား"

"စိတ်မပူပါနဲ့၊ ဘာသတင်းဆိုးမှ မရှိပါဘူး၊ ဒိုင်ယာနာနဲ့ မေရီ နှစ်ဦးလုံးလဲ နေကောင်းကြပါတယ်" ဟု သူက ဖြေခဲ့သည်။ မီးပုံရှေ့တွင် သူ ထိုင်ချလိုက်သည်။ ကျွန်မ စောင့်ဆိုင်းနေသော်လည်း သူ ဘာမျှ မပြောခဲ့ပါ။ "သူဟာ ဘယ်လောက်ထူးဆန်းသလဲ" ဟု ကျွန်မ တွေးမိခဲ့သည်။ "ရာသီဥတု ဆိုးဝါးနေချိန်မှာ သူ ဒီကို ဘာလာလုပ်တာလဲ၊ သူ ပျင်းနေလို့လား၊ သူ့ညီမတွေကလဲ အဝေးကြီးမှာ"

စိန့်ဂျွန်သည် အချိန်ကြာမြင့်စွာထိုင်၍ စဉ်းစားနေခဲ့၏။ နောက်ဆုံးတွင် သူက ပြောခဲ့သည်။

"ငါ မင်းရဲ့ ဘဝဇာတ်ကြောင်းကို သိခဲ့ရပြီ" ဟု စိန့်ဂျွန်က ပြောသည်။ "မင်းရဲ့အကြောင်းနဲ့ မစ္စရိဒ် အကြောင်းတွေကို ငါ သိခဲ့ရပြီ၊ လိုဝုဒ်ကျောင်းက အကြောင်းကို ငါ သိခဲ့တယ်၊ ပြီးတော့ သွန်းဖီးလ်ဟောလ်အကြောင်းနဲ့ မစ္စတာရိုချက်စတာ အကြောင်းတွေကို ငါ သိခဲ့တယ်၊ မစ္စတာရိုချက်စတာရဲ့ ဇနီး အကြောင်းကိုလဲ ငါသိခဲ့ပြီ၊ ဒါကြောင့် အခု မင်း ငွေ မပါဘဲ ဘာဖြစ်လို့ ဒီနေရာကို ရောက်လာရတာလဲဆိုတာ ငါ သိခဲ့ရပြီ၊ သွန်းဖီးလ်ဟောလ်ကို မင်း ဘာကြောင့် စွန့်ခွာခဲ့ရတယ်ဆိုတာကိုလဲ ငါ သိခဲ့ရပြီ၊ မစ္စတာရိုချက်စတာဟာ မဲကောင်းတဲ့ လူတစ်ဦးပဲ ဖြစ်မယ်"

"အို...မဟုတ်ဘူး၊ သူဟာ ဒီလိုလူ မဟုတ်ပါဘူး" ဟု ကျွန်မက ပြောသည်။

"ငါ စာတစ်စောင် လက်ခံရရှိခဲ့တယ်" ဟု သူက ပြောသည်။ "မစ္စတာဘရစ်ချ်ဆိုတဲ့ လန်ဒန်က လူတစ်ယောက်ဆီကပဲ၊ သူ မင်းကို တွေ့ချင်နေတယ်၊ သူက ကျိန်းအားရ် အကြောင်းကို ပြောပြခဲ့တယ်၊ မင်းကိုယ်မင်း ကျိန်းအီလီယော့လို့ ပြောပေမယ့် မင်းရဲ့အမည်မှန်က ကျိန်းအားရ်ဆိုတာ ငါသိတယ်၊ ဒီမှာကြည့်" စိန့်ဂျွန်က ကျွန်မကို စာရွက်ပိုင်းလေးတစ်ခု ပေးခဲ့သည်။ ၎င်းမှာ ပန်းချီကား အောက်ခြေမှ စာရွက်ပင်ဖြစ်ပြီး ၎င်းပေါ်တွင် ကျွန်မ၏ အမည်မှန် ကျိန်းအားရ် ရှိနေခဲ့သည်။

"မစ္စတာဘရစ်ချ်က မစ္စတာရိုချက်စတာအကြောင်း ဘာမှ မပြောဘူးလား" ဟု ကျွန်မက မေးခဲ့သည်။ "မစ္စတာရိုချက်စတာ ဘယ်လိုနေပါလိမ့်" မစ္စတာရိုချက်စတာအကြောင်း တစ်ခုတည်းကိုသာ ကျွန်မ သိလိုခဲ့သည်။ ကျွန်မသည် သူ့ကို ချစ်နေဆဲဖြစ်၏။

"မစ္စတာဘရစ်ချ်က မင်းရဲ့ မစ္စတာရိုချက်စတာအကြောင်း ဘာမှ မသိပါဘူး" ဟု စိန့်ဂျွန်က ပြောသည်။ "မက်ဒေးရာက မင်းရဲ့ဦးလေး မစ္စတာအိုင်းယားအကြောင်းကိုပဲ သူ ငါ့ဆီကို စာရေးခဲ့တယ်၊ မင်းရဲ့ဦးလေးက သေသွားပြီ၊ သူဟာ မင်းအတွက် သူ့ရဲ့ငွေအားလုံးကို ထားခဲ့တယ်၊ မင်းဟာ အရမ်းချမ်းသာတဲ့ မိန်းကလေးပဲ"

ကျွန်မ အလွန်အံ့သြသွားသဖြင့် အချိန်အတော်ကြာ စကား မပြောနိုင်ခဲ့ချေ။ ကျွန်မ ယခု ချမ်းသာသွားသော်လည်း ကျွန်မ

စိတ်မလုပ်ရှားမိချေ။ ချမ်းသာခြင်း၏ အဓိပ္ပာယ်ကို နားလည်ရန် ကျွန်မ ကြိုးစားခဲ့သည်။

"ကျွန်မ နားမလည်နိုင်ဘူး" ဟု နောက်ဆုံးတွင် ကျွန်မ ပြောခဲ့သည်။ "မစ္စတာဘရစ်ချ်က ဘာကြောင့် ရှင့်ဆီကို စာရေးနိုင်တာလဲ"

"ဘာကြောင့်လဲဆိုတော့..." ဟု စိန့်ဂျွန်က ပြောခဲ့သည်။ "မက်ဒေးရာက မစ္စတာအိုင်းယားဟာ ငါတို့ရဲ့ဦးလေးလဲ ဖြစ်တယ်၊ သူဟာ ငါ့အမေရဲ့အစ်ကိုပဲ၊ သူ သေသွားတော့ သူ့ ငွေအားလုံးကို မင်းအတွက် ထားခဲ့တယ် ကျိန်းအားရ်"

"ဒါဆိုရင် ရှင်ရယ်၊ ဒိုင်ယာနာနဲ့ မေရီရယ်ဟာ ကျွန်မရဲ့ ဝမ်းကွဲမောင်နှမတွေပဲပေါ့" ဟု ကျွန်မ ပြောခဲ့သည်။ "ဒါဟာ ဝမ်းသာစရာသတင်းပဲ၊ ကျွန်မတို့ ဦးလေးရဲ့ငွေတွေဟာ ကျွန်မတို့ အားလုံးအတွက်ပဲပေါ့၊ ဒိုင်ယာနာနဲ့ မေရီက အိမ်ကို လာနိုင်ပါတယ်၊ ပြီးတော့ ကျွန်မတို့အားလုံး အတူနေကြတာပေါ့" ငွေများများ ရသည်မှာ ကောင်းပါ၏။ သို့သော် ဝမ်းကွဲမောင်နှမ သုံးဦး ရရှိခြင်းက ပို၍ကောင်းပါသည်။

ထို့ကြောင့် ခရစ္စမတ် မတိုင်မီကလေးမှာပင် ဒိုင်ယာနာနှင့် မေရီတို့ အိမ်ရောက်လာခဲ့ကြသည်။ သူတို့၏ အိမ်အိုကြီးကို သက်သောင့်သက်သာ ဖြစ်လာစေရန် ကျွန်မ ကြိုးစားလုပ်ဆောင်ခဲ့သည်။ "ဒိုင်ယာနာနဲ့ မေရီတို့ကတော့ ဒါကို ကြိုက်ကြလိမ့်မယ်" ဟု ကျွန်မ တွေးမိသည်။ "ဒါပေမယ့် စိန့်ဂျွန်ကရော ဘယ်လိုလဲ၊ သူဟာ ကျောက်တုံးလိုပဲ မာကျောပြီး အေးစက်နေတယ်၊ သူဟာ

လူထူးလူဆန်းတစ်ဦးပဲ၊ သူဟာ ဘူ့နှမတွေကို တွေ့ရတာ နှစ်သက်ပုံရပေမယ့် တကယ့်ကို ပျော်ရွှင်နေပုံတော့ မရသေးဘူး”

ဒိုင်ယာနာ၊ မေရီနှင့် ကျွန်မတို့သည် အေးချမ်းစွာနှင့် သက်သောင့်သက်သာရှိစွာ အတူတကွ စတင်နေထိုင်ခဲ့ကြသည်။ စိန့်ဂျွန်မှာမူ အိန္ဒိယသို့ သွားလိုဆဲပင် ဖြစ်၏။ ကျွန်မသည် ကျွန်မ၏ ဝမ်းကွဲမောင်နှမများနှင့် နေထိုင်ရသည်ကို ပျော်ရွှင်ခဲ့ပါသည်။ သို့ရာတွင် မစ္စတာရိုချက်စတာ အကြောင်းကိုမူ နေ့စဉ်တွေးမိနေဆဲ ဖြစ်၏။ သူ ဘယ်မှာလဲ၊ သူ ပျော်ရွှင်ပါရဲ့လား။ ရှေ့နေ မစ္စတာဘရစ်ချ်ထံ ကျွန်မ စာရေးခဲ့သော်လည်း မစ္စတာရိုချက်စတာအကြောင်း သူ ဘာမျှ မသိခဲ့ပါ။ ထို့နောက် သွန်းဖီးလ်ဟောလ်ရှိ မစ္စဖဲယားဖက်စ်ထံသို့ ကျွန်မ စာရေးခဲ့သော်လည်း ပြန်စာမလာခဲ့ပါ။ မစ္စဖဲယားဖက်စ်ထံသို့ ကျွန်မ စာထပ်မံရေးခဲ့သည်။ သူမသည် ကျွန်မ၏ ပထမစာကို ရချင်မှရမည်ဟု ထင်သောကြောင့် ဖြစ်ပါသည်။ ဤအကြိမ်တွင်လည်း ပြန်စာမလာခဲ့ပါ။ နောက်ဆုံးတွင် ကျွန်မအတွက် စာတစ်စောင် ရောက်လာခဲ့သည်။ သို့သော် ၎င်းစာမှာ ကျွန်မ ဦးလေး၏ ငွေများအကြောင်း ဖော်ပြထားသည့် မစ္စတာဘရစ်ချ်ထံမှ စာသာဖြစ်သည်။ ကျွန်မ ငိုခဲ့ပါသည်။

ကျွန်မ ငိုကြွေးနေစဉ်မှာပင် စိန့်ဂျွန်သည် အခန်းထဲသို့ ဝင်လာခဲ့ပြီး ကျွန်မကို တွေ့သွားခဲ့သည်။ “ဂျိန်း” ဟု သူက ပြောသည်။ “ငါနဲ့ လမ်းလျှောက်ဖို့ လာပါဦး၊ မေရီနဲ့ ဒိုင်ယာနာကို မခေါ်ပါနဲ့၊ ငါ မင်းကို စကားပြောချင်တယ်”

ကျွန်မတို့ မြစ်ကမ်းတစ်လျှောက် လမ်းလျှောက်လာခဲ့၏။ အစပိုင်းတွင် စိန့်ဂျွန်က ဘာမျှမပြောခဲ့ပါ၊ နောက်တွင်မူ သူ ကျွန်မဘက်သို့ လှည့်လာခဲ့၏။ "ကျိန်း၊ ငါ အိန္ဒိယကို ရက်သတ္တ ခြောက်ပတ်အတွင်း သွားတော့မယ်၊ ပြီးတော့...ငါ မင်းကို ငါနဲ့ အတူ လိုက်စေချင်တယ်"

ကျွန်မ အံ့သြသွားခဲ့သည်။ စိန့်ဂျွန်သည် အဘယ်ကြောင့် ကျွန်မကို အိန္ဒိယသို့ သူနှင့်အတူ သွားစေလိုပါသနည်း။ ကျွန်မ သူ့ကို မည်သို့ ကူညီနိုင်ပါမည်နည်း။ ကျွန်မသည် သူ့ကဲ့သို့ သန်မာပြီး တည်ငြိမ်ရင့်ကျက်မှု မရှိသေးချေ။

"ရှင့်ရဲ့ ကူညီသူအနေနဲ့လား" ဟု ကျွန်မ မေးခဲ့သည်။ "ကျွန်မ မတွေးမိဘူး"

"မဟုတ်ဘူး၊ ငါ့ရဲ့အကူအညီအနေနဲ့ မဟုတ်ဘူး၊ ငါ့ရဲ့ ဓနိုးမယားအနေနဲ့ပေါ့၊ ငါ မင်းကို လက်ထပ်ချင်တယ်၊ ဒါဆိုရင် ငါတို့ အိန္ဒိယမှာ အတူတကွ အလုပ်လုပ်နိုင်မယ်၊ အဲဒီမှာ ဆင်းရဲတဲ့ သူတွေ အများကြီး ရှိတယ်၊ သူတို့ဟာ ငါတို့ရဲ့ အကူအညီကို လိုအပ်နေတယ်"

ယခုတော့ ကျွန်မ ပို၍ပင် အံ့သြသွားခဲ့သည်။ စိန့်ဂျွန်ကို ကျွန်မ မချစ်မှန်း ကျွန်မ အသေအချာ သိပါ၏။ ထို့ပြင် ကျွန်မ သူ့ကို လက်မထပ်လိုချေ။ ကျွန်မ သူ့ကို မချစ်နိုင်ပါ။ ကျွန်မသည် မစ္စတာရိုချက်စတာ့ကိုသာ ချစ်နေ့ဆဲဖြစ်၏။

"ဒါပေမယ့် ကျွန်မ အိန္ဒိယကို မသွားနိုင်ဘူး၊ ကျွန်မ အဲဒီက လူတွေကို ဘယ်လိုကူညီရမယ်ဆိုတာလဲ မသိဘူး၊ ကျွန်မက ရှင့်လို မဟုတ်ဘူးလေ"

"ကျန်မ ရှင့်ကို ကူညီကောင်း ကူညီနိုင်ပါလိမ့်မယ်၊ ဒါပေမယ့် ကျန်မဟာ လွတ်လပ်နေမှ ဖြစ်လိမ့်မယ်၊ ကျန်မ ရှင့်ကို လက်မထပ်နိုင်ဘူး၊ ရှင်ဟာ ကျန်မရဲ့ အစ်ကိုပဲ ဖြစ်ရမယ်" ဟု ကျန်မ ပြောခဲ့သည်။

စိန့်ဂျွန်က ကျန်မကို တည်ငြိမ်စွာ ကြည့်နေခဲ့သည်။ "အို... ဒါက အကြောင်းမဟုတ်ပါဘူး၊ ဘာလုပ်ရမယ်ဆိုတာ ငါ မင်းကို ပြောပြမှာပေါ့၊ ပြီးတော့ မင်း အလွယ်တကူပဲ တတ်သွားမှာပါ၊ မင်းဟာ ရွာကျောင်းမှာဆို အမြဲတမ်း အလုပ်ကြိုးစားခဲ့တာပဲ၊ အိန္ဒိယမှာလဲ မင်း အလုပ်ကြိုးစားလုပ်နိုင်မှာပါ"

ကျန်မ အချိန်အတန်ကြာ စဉ်းစားနေမိ၏။ ကျန်မ၏ ဝမ်းကွဲအစ်ကို စိန့်ဂျွန်သည် ကျန်မ၏ အကူအညီကို လိုအပ်နေ၏။

သူသည် အိန္ဒိယတွင် အလွန်အသုံးဝင်သောအလုပ်ကို သွားလုပ်မည် ဖြစ်သည်။ နောက်ဆုံးတွင် ကျွန်မ ဆက်ပြောခဲ့၏။ "ကျွန်မ ရှင့်ကို ကူညီကောင်း ကူညီနိုင်ပါလိမ့်မယ်၊ ဒါပေမယ့် ကျွန်မဟာ လွတ်လပ်နေမှ ဖြစ်လိမ့်မယ်၊ ကျွန်မ ရှင့်ကို လက်မထပ်နိုင်ဘူး၊ ရှင်ဟာ ကျွန်မရဲ့ အစ်ကိုပဲ ဖြစ်ရမယ်" ဟု ကျွန်မ ပြောခဲ့သည်။

စိန့်ဂျွန်က ကျွန်မကို စိုက်ကြည့်နေခဲ့သည်။ သူ၏ ချောမော လှသော မျက်နှာမှာ ကျောက်တုံးကဲ့သို့ အေးစက်ပြီး တည်ငြိမ် သွား၏။ "ဒါ မဖြစ်နိုင်ဘူး၊ မင်းဟာ ငါ့ဇနီးပဲ ဖြစ်ရမယ်၊ ငါက ညီမတစ်ဦး မလိုချင်ဘူး၊ မင်း တခြားလူနဲ့ လက်ထပ်မှာကိုလဲ မလိုလားဘူး၊ ငါ မင်းကို ငါတို့သေတဲ့အထိ ငါနဲ့ အတူနေပြီး အတူ အလုပ်လုပ်စေချင်တယ်"

ကျွန်မ လွန်စွာ ဝမ်းနည်းသွားခဲ့၏။ ကျွန်မ၏အချစ်သည် မစ္စတာရိုချက်စတာအတွက်ဖြစ်ကြောင်းနှင့် သူ အမြဲတမ်း ကျွန်မကို ပြောလေ့ရှိပုံတို့ကို သတိရမိ၏။ စိန့်ဂျွန်ကမူ တစ်မူထူးခြားပါသည်။ သူက ကျွန်မကို လက်ထပ်စေလိုသည်။ သို့သော် သူ ကျွန်မကို မချစ်မှန်း ကျွန်မသိပါသည်။ ကျွန်မ သူ့ကို ကူညီနိုင်ပါသော်လည်း လက်မထပ်ချင်ပါ။ သူသည် လူကောင်းတစ်ဦးဖြစ်သော်လည်း ကျွန်မ သူ့ကို မချစ်နိုင်ပါ။ ကျွန်မ သူ့ကို မည်သို့ပြောရမည်ပင် မသိတော့ချေ။

"ငါ နှစ်ပတ်လောက် ခရီးထွက်ရလိမ့်မယ်" ဟု စိန့်ဂျွန်က ဆက်ပြောခဲ့၏။ "ငါပြန်လာတဲ့အခါမှာ မင်းအဖြေကို ငါ လိုချင်တယ်၊ မင်း ငါ့ကို လက်ထပ်ဖို့ ဆုံးဖြတ်လိမ့်မယ်လို့ ငါ ယုံတယ်၊ မင်း ဒီမှာ ဘာကိုမှ မလုပ်ဘဲ ခဏလေးတောင် မနေနိုင်ပါဘူး"

ကျွန်မ အိမ်ပြန်လာသောအခါ ဒိုင်ယာနာက ကျွန်မကို စကားလာပြောခဲ့၏၊ "ကျိန်း၊ မင်းကို ကြည့်ရတာ မပျော်သလိုပဲ၊ မင်းရဲ့မျက်နှာက ဖြူရော်နေတယ်၊ ဘာဖြစ်နေတာလဲ"

ကျွန်မက သူ့ကိုပြောပြခဲ့၏။ "စိန့်ဂျွန်က ကျွန်မကို သူနဲ့ လက်ထပ်ဖို့ ပြောတယ်"

"ဒါဟာ ဝမ်းသာစရာပဲ" ဟု သူမက ပြောသည်။ "အခု သူ အင်္ဂလန်မှာပဲ နေတော့မှာပေါ့၊ သူ အိန္ဒိယကို မသွားနိုင်တော့ဘူး၊ သူ ငါတို့နဲ့အတူ ဒီမှာပဲ နေတော့မယ်"

"မဟုတ်ဘူး" ဟု ကျွန်မပြောခဲ့၏။ "သူက ကျွန်မကို သူနဲ့အတူ အိန္ဒိယကို သွားစေချင်တယ်"

"ဒါပေမယ့် မင်းကမှ အိန္ဒိယကို မသွားနိုင်ဘဲ" ဟု သူမ ပြောခဲ့သည်။ "မင်းဟာ လုံလောက်အောင် မကျန်းမာသေးဘူး"

"ကျွန်မ မသွားနိုင်ပါဘူး" ကျွန်မ ပြောခဲ့သည်။ "ဘာလို့လဲ ဆိုတော့ ကျွန်မ စိန့်ဂျွန်ကို လက်မထပ်နိုင်ဘူး၊ ပြီးတော့ သူနဲ့ စိတ်ဆိုးရမှာကိုလဲ ကျွန်မ ကြောက်တယ်၊ သူဟာ လူကောင်းတစ်ယောက်ပါ၊ ဒါပေမယ့် သာမန်လူတစ်ဦး ဘယ်လို ခံစားရမယ် ဆိုတာ သူ နားမလည်ဘူး"

"ငါ သိပါတယ်" ဟု ဒိုင်ယာနာက ပြောသည်။ "ငါတို့ရဲ့ အစ်ကိုဟာ အလွန်ကောင်းတဲ့သူပါ၊ ဒါပေမယ့် တစ်ခါတစ်ရံမှာ သူဟာ အေးတိအေးစက်နိုင်ပြီး ခေါင်းမာပုံရတယ်"

ထိုညတွင် ကျွန်မ စိန့်ဂျွန်အကြောင်း အချိန်ကြာမြင့်စွာ စဉ်းစားနေမိ၏။ ကျွန်မ ဘာလုပ်ရမှန်း မသိတော့ချေ။ ကျွန်မက သူ့ကိုမချစ်နိုင်။ သူကလည်း ကျွန်မကို မချစ်။ သို့သော် ကျွန်မ

သူ့ကို အိန္ဒိယတွင် ကူညီကောင်း ကူညီနိုင်ပါလိမ့်မည်။ မည်သို့လုပ်ရမည်ကို ကျွန်မ မသိခဲ့ပါ။ ညမှာ အလွန်တိတ်ဆိတ်လှ၏၊

ရုတ်တရက် အသံတစ်သံကို ကျွန်မ ကြားခဲ့မိသည်ဟု ကျွန်မ ထင်ခဲ့သည်။ "ကျိန်း–ကျိန်း–ကျိန်း" ထိုအသံက ခေါ်နေခဲ့၏။ ၎င်းမှာ မစ္စတာရိုချက်စတာ၏အသံပင် ဖြစ်သည်။

"ရှင် ဘယ်မှာလဲ" ဟု ကျွန်မ အော်ခေါ်မိ၏။ သို့သော် ဖြေသံပေါ်မလာခဲ့ချေ။ ထိုနေရာတွင် မည်သူမျှ မရှိချေ။ ဒါဟာ အိပ်မက်တစ်ခုပေပဲလား။ မဟုတ်ဘူး။ အလွန်ဝေးကွာသော တစ်နေရာရာတွင် မစ္စတာရိုချက်စတာသည် ကျွန်မကို လိုအပ်လျက် ရှိမှန်း ကျွန်မ သိခဲ့၏။ "ငါ သူ့ကို သွားရှာရမယ်" ဟု ကျွန်မ အတွေးပေါက်ခဲ့၏။

နောက်နေ့တွင် မစ္စတာရိုချက်စတာကို ရှာဖွေရန် ကျွန်မ ခရီးထွက်ခဲ့၏။ ရှည်လျားလှသော ခရီးရှည်ကြီး ပြီးဆုံး၍ ကျွန်မ သွန်းဖီးလ်ဟောလ်သို့ ရောက်လာခဲ့သည်။ အိမ်သို့ ရောက်ရန် အတွက် နောက်ဆုံး နှစ်မိုင်ခရီးကို ကျွန်မ လမ်းလျှောက်ခဲ့ရသည်။ ကျွန်မ စိတ်လှုပ်ရှားနေ၏။ ကျွန်မ၏ ယခင်အိမ်ကို မြန်မြန် မြင်တွေ့ချင်ခဲ့၏။ သစ်ပင်များမှာလည်း ယခင်ကအတိုင်းဖြစ်၏။ လမ်းမှာလည်း ယခင်အတိုင်း ဖြစ်သည်။ ကျွန်မ အိမ်သို့ရောက်လာခဲ့ပြီး ရပ်၍ ငေးကြည့်နေမိတော့သည်။

ဒုက္ခပါပဲ။ ကျွန်မ၏ လှပသော အိမ်၊ သွန်းဖီးလ်ဟောလ်သည် ဘယ်မှာနည်း။ ထိုနေရာ၌ ယခု ကျဉ်းနေ၍ မည်သူမျှ

ကျွန်မ အိမ်သို့ရောက် လာခဲ့ပြီး ရပ်၍ ငေးကြည့်နေမိတော့သည်။
ဒုက္ခပါပဲ။ ထိုနေရာ၌ မည်သူမျှ မနေနိုင်တော့ချေ။

မနေနိုင်တော့ချေ။ မစ္စဖဲယားဖက်စ်သည် အဘယ်ကြောင့် ကျွန်မ၏ စာများကို မပြန်ကြားခဲ့သည်ကို ယခုတော့ ကျွန်မ နားလည်ခဲ့ပါပြီ။ အိမ်နံရံများမှာ ထောင်မတ်နေခဲ့ကြဆဲ ဖြစ်သော်လည်း ပြတင်းပေါက်များမှာ ညစ်နွမ်းပြီး တံခါးရွက်များ မရှိတော့ချေ။ ထို့ပြင် အမိုးများလည်း မရှိတော့ချေ။ မြက်ပင်များမှာ ရှည်လျားနေပြီး ဥယျာဉ်ထဲတွင်လည်း ပန်းများ မရှိတော့ပေ။ အိမ်၏ပျက်စီးနေသော နံရံများမှာ မည်းညစ်ပြီး တိတ်ဆိတ်နေ၏။ ငှက်သံများနှင့် လေသံများသာ ရှိတော့သည်။ ယခု မစ္စဖဲယားဖက်စ်သည် ဘယ်မှာနည်း။ အေဒဲယ်ကလေးရော ဘယ်မှာနည်း။ ပြီးတော့ မစ္စတာရိုချက်စတာရော ဘယ်မှာနည်း။

သူတို့ကို ရှာဖွေနိုင်ရန် ရွာဆီသို့ ကျွန်မ အမြန်ပြန်သွားခဲ့၏။ ရွာထဲရှိ လူတစ်ဦးအား သွန်းဖီးလ်ဟောလ်အကြောင်း ကျွန်မကို ပြောပြရန် ပြောခဲ့သည်။

"အခု အဲဒီမှာ ဘယ်သူမှ မနေတော့ဘူး" ဟု သူက ကျွန်မကို ပြောပြခဲ့သည်။ "ပြီးခဲ့တဲ့ ဆောင်းဦးရာသီတုန်းက သွန်းဖီးလ်ဟောလ်မှာ မီးလောင်ခဲ့တယ်၊ ကြောက်စရာပါပဲ၊ အိမ်ဟာ ညသန်းခေါင်မှာ မီးလောင်ခဲ့တာပဲ"

"ဘယ်လိုဖြစ်ခဲ့တာလဲ" ဟု ကျွန်မ သူ့ကို မေးခဲ့သည်။

"မစ္စတာရိုချက်စတာရဲ့ဇနီးက မီးစလောင်စေခဲ့တယ်လို့ အများက ယူဆကြတယ်၊ ဘယ်သူတစ်ဦးတစ်ယောက်ကမှ သူမကို မမြင်ဖူးကြဘူး၊ ဒါပေမယ့် လူတွေကတော့ သူမဟာ ရူးနေတယ်လို့ ပြောကြတယ်၊ သူမဟာ ထပ်ခိုးထဲက သူမရဲ့ အခန်းကနေပြီး မီးစရှို့ခဲ့တယ်လို့ လူတွေက ထင်ကြတယ်၊ ဒီလိုဖြစ်တဲ့အချိန်မှာ

အိမ်မှာ ဘယ်သူမှ မရှိကြဘူး၊ မစ္စတာရိချက်စတာက အိမ်မှာ ရှိနေခဲ့ပေမယ့် အေဒဲယ်ဆိုတဲ့ ကလေးမလေးကတော့ အဝေးက်ကျောင်းမှာ ရောက်နေပြီး မစ္စဖဲယားဖက်စ်ဆိုတဲ့ အမျိုးသမီးကြီးကတော့ အဝေးမှာ မိတ်ဆွေတချို့နဲ့အတူ ရှိနေခဲ့တယ်၊ မစ္စတာရိချက်စတာဟာ အဲဒီအချိန်မှာ ဘယ်သူ့ကိုမှ မတွေ့ချင်ပုံရတယ်၊ သူဟာ အရမ်းစိတ်ဆင်းရဲနေပုံ ရတယ်လို့ လူတွေက ပြောကြတယ်၊ သူဟာ မိန်းမပျိုလေးတစ်ဦးကို လက်ထပ်ချင်ခဲ့ပေမယ့် သူမက ထွက်ပြေးသွားခဲ့တယ်လို့လဲ သူတို့က ပြောတယ်”

“ကျွန်မကို မီးလောင်တဲ့အကြောင်း ပြောပြစမ်းပါ” ဟု ကျွန်မ ပြောခဲ့သည်။

“မီးစလောင်တဲ့ အချိန်မှာ...” သူက ဆက်ပြော၏။ “မစ္စတာရိချက်စတာဟာ အစေခံအားလုံးကို အပြင်ထွက်ခိုင်းခဲ့တယ်၊ ပြီးတော့ သူ့ဇနီးကို ကယ်ဖို့ သူ အိမ်ထဲကို ပြန်ဝင်သွားခဲ့တယ်၊ သူမဟာ ထပ်ခိုးပေါ်မှာ ရှိနေတုန်းပဲ၊ ဒါပေမယ့် သူမက ခေါင်းမိုးပေါ်တက်သွားခဲ့တယ်၊ ငါ သူမကို အဲဒီနေရာမှာ တွေ့ခဲ့တယ်၊ သူမက ခေါင်မိုးပေါ်မှာ မတ်တတ်ရပ်လိုက်ပြီး သူမရဲ့ လက်တွေကို ဝှေ့ရမ်းပြီး အော်နေခဲ့တယ်၊ မစ္စတာရိချက်စတာက သူမကို ကူညီဖို့ ကြိုးစားခဲ့ပေမယ့် သူ ဘာမှလုပ်မပေးနိုင်ခဲ့ဘူး၊ ရုတ်တရက်ပဲ သူမက ခေါင်းမိုးပေါ်က ခုန်ချလိုက်တယ်”

“သူမ သေသွားသလား” ဟု ကျွန်မက မေးခဲ့တယ်။

“ဟုတ်တယ်၊ သူမ ချက်ချင်းပဲ သေသွားတယ်၊ ပြီးတော့ မစ္စတာရိချက်စတာလဲ အလွန်ပဲ ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားခဲ့တယ်၊ နောက်ဆုံး သူ ထွက်လာတဲ့အချိန်မှာ သူဟာ မျက်စိကန်း

သွားပြီး လက်တစ်ဖက်လဲ ဆုံးရှုံးသွားတယ်” ထိုလူက သူ့ခေါင်းကို ခါရမ်းခဲ့ပါသည်။

ထို့ကြောင့် မစ္စတာရိုချက်စတာမှာ အသက်ရှင်နေဆဲ ဖြစ်သည်။ သူ ဒဏ်ရာရခဲ့သော်လည်း မသေခဲ့ချေ။ ချက်ချင်းပင် ကျွန်မ မျှော်လင့်ချက် ပြန်လည် စတင်လာခဲ့၏။ ကျွန်မသည် ထိုလူကို မေးခွန်းများ ဆက်မေးခဲ့ရသည်။

“အခု မစ္စတာရိုချက်စတာ ဘယ်မှာနေသလဲ” ဟု ကျွန်မ မေးခဲ့၏။

“သူ အင်္ဂလန်မှာပဲ နေလား”

“ဟုတ်တယ်” ဟု ထိုသူက ဖြေသည်။ “သူဟာ ခရီးဝေး မသွားနိုင်တော့တဲ့ သနားစရာ လူတစ်ယောက်ပါ၊ ဒီကနေ မိုင်သုံးဆယ်လောက်ဝေးတဲ့ ဖာန်ဒင်းန်မှာ သူနေတယ်၊ အဲဒါဟာ တိတ်ဆိတ်တဲ့နေရာတစ်ခုပါပဲ၊ သူဟာ အဲဒီမှာ အစေခံနှစ်ယောက်နဲ့ တိတ်တိတ်ကလေး နေတယ်၊ သူ့မှာ ဘယ်တော့မှ ဧည့်သည် မရှိဘူး”

ဖာန်ဒင်းန်းသို့သွားရန် ကျွန်မ ချက်ချင်း ဆုံးဖြတ်ခဲ့သည်။ ထိုနေရာသို့ ကျွန်မ မမျှောင်ခင်လေးမှာပင် ရောက်သွားခဲ့သည်။ ကျွန်မ အိမ်အနီးသို့ ရောက်လာစဉ် အိမ်ရှေ့တံခါး ပွင့်လာပြီး လူတစ်ဦး ထွက်လာခဲ့သည်။ ဤလူမှာ မစ္စတာရိုချက်စတာမှန်း ကျွန်မ ချက်ချင်း မှတ်မိခဲ့ပါသည်။ သို့သော် ယခု သူ့မှာ အလွန် ခြားနားခဲ့ပြီဖြစ်၏။ သူသည် အရပ်မြင့်၍ သန်မာနေဆဲ ဖြစ်ပြီး သူ့ဆံပင်များမှာလည်း နက်မှောင်နေဆဲဖြစ်သည်။ သို့ရာတွင် သူ့မျက်နှာမှာ ဝမ်းနည်းနေပုံ ရပြီး အကူအညီမပါဘဲ လမ်း

မလျှောက်နိုင်တော့ချေ။ နောက်ဆုံးတွင် သူ ပြန်လှည့်သွားပြီး အိမ်ထဲသို့ ညှိုးနွမ်းစွာဖြင့် ပြန်ဝင်သွားခဲ့သည်။

တံခါးလာဖွင့်ပေးသော အစေခံ မေရီက ကျွန်မကို ချက်ချင်း မှတ်မိခဲ့ပါသည်။ ကျွန်မကို မြင်တွေ့ရ၍ သူမ အလွန်အံ့အားသင့် သွားခဲ့၏။ မစ္စတာရိုချက်စတာနှင့် သွန်းဖီးလ်ဟောလ်မှ မီးလောင်မှု အကြောင်း အားလုံးကို ကျွန်မ သိပြီးဖြစ်ကြောင်း သူမအား ကျွန်မ ပြောပြခဲ့ပါသည်။ "မစ္စတာရိုချက်စတာကို ဧည့်သည်ရောက် နေကြောင်း ပြောပေးပါ၊ ဒါပေမယ့် အဲဒါ ဘယ်သူလဲဆိုတာကို တော့ သူ့ကို မပြောပဲနဲ့"

"သူ မင်းကို တွေ့ချင်မှာ မဟုတ်ဘူး၊ မစ္စကျိန်း" ဟု သူမက ပြောသည်။ "သူဟာ အခုအချိန်မှာ ဘယ်သူ့ကိုမှ တွေ့ချင်မှာ မဟုတ်ဘူး"

ကျွန်မ အခန်းထဲသို့ ဝင်သွားခဲ့ပါသည်။

"အဲဒီနေရာမှာ ဘယ်သူလဲ" မစ္စတာရိုချက်စတာက မေးခဲ့၏။ "အဲဒါ မင်းလား မေရီ၊ ငါ့ကို ဖြေစမ်းပါဦး၊ ဘာဖြစ်နေတာလဲ"

"ရှင် ရေနည်းနည်းသောက်မလား" ဟု ကျွန်မ သူ့ကို မေးခဲ့သည်။

"ဒါ ဘယ်သူလဲ၊ ငါ့ကို ပြောပါ" ဟု သူက ပြောသည်။ သူသည် အံ့အားသင့်နေပြီး စိတ်လှုပ်ရှားနေခဲ့သည်။

"မေရီက ကျွန်မကို သိတယ်" ဟု ကျွန်မ ပြောခဲ့သည်။ "ကျွန်မ ဒီညနေပဲ ရောက်တယ်" ကျွန်မ သူ့လက်ကို ကိုင်ထားလိုက်သည်။

"ကျိန်း၊ ကျိန်းလား" ဟု သူက မေးခဲ့၏။ "ကျိန်း တကယ်ပဲ မင်းနော်"

"ဟုတ်ပါတယ်၊ ကျွန်မပါပဲ" ဟု ကျွန်မ ပြောသည်။ "ရှင်နဲ့အတူ ပြန်နေရမှာကို ကျွန်မ အရမ်းပျော်တာပဲ၊ အခု ကျွန်မ ရှင့်ကို ဘယ်တော့မှ ခွဲမသွားတော့ဘူး"

"ဒါပေမယ့် ကျိန်း၊ မင်း ဘယ်သွားတာလဲ၊ မင်း ဘာတွေ ဖြစ်ခဲ့သလဲ၊ ဘာဖြစ်လို့ မင်း သွန်းဖီးလ်ဟောလ်ကို ရုတ်တရက် ခွဲသွားတာလဲ၊ ဘာငွေမှ မပါဘဲ မင်း ဘာလို့ ထွက်သွားရတာလဲ၊ ခဏစောင့်ပြီး မင်းကို ကူညီနိုင်ခွင့် ငါ့ကို ဘာလို့ မပေးခဲ့ရတာလဲ" ဟု သူက မေးခဲ့သည်။

"ကျွန်မ ဘာလို့ ထွက်သွားသလဲဆိုတာ ရှင်သိပါတယ်" ဟု ကျွန်မ ပြောခဲ့သည်။ "ရှင် စိတ်ပူပန်ခဲ့ရတဲ့အတွက် ကျွန်မ စိတ်မကောင်းဖြစ်ရတယ်၊ ဒါပေမယ့် အခုတော့ အရာရာဟာ ပြောင်းလဲခဲ့ပါပြီ၊ ကျွန်မဟာ ချမ်းသာတဲ့ 'အမျိုးသမီးတစ်ဦး ဖြစ်နေပြီ" ဟု ကျွန်မ ပြောခဲ့သည်။ "ပြီးတော့ ကျွန်မမှာ ဝမ်းကွဲမောင်နှမသုံးယောက်လဲ ရခဲ့တယ်" ကျွန်မ၏ ဝမ်းကွဲမောင်နှမများ အကြောင်းနှင့် ကျွန်မ၏ အိမ်အသစ်အကြောင်း အားလုံးကို မစ္စတာရိုချက်စတာအား ကျွန်မ ပြောပြခဲ့သည်။

"အခု မင်း ငါ့ကို မလိုအပ်တော့ဘူး" ဟု သူက ပြောသည်။ "ဒါပေမယ့် မင်း တကယ်ပဲ ငါနဲ့အတူနေနိုင်မှာလား" သူ့စကား သံတွင် မျှော်လင့်ချက်တို့ ပြန်လည်ပါဝင်ခဲ့ပါသည်။

"ကျွန်မ နေနိုင်ပါတယ်" ဟု ကျွန်မ ပြောခဲ့သည်။

"ဒါပေမယ့် မင်း ငယ်ပါသေးတယ်၊ မင်းတစ်ချိန်ချိန်မှာ လက်ထပ်ချင်လာပါလိမ့်မယ်၊ ဒါပေမယ့် အဲဒီလူဟာ ငါတော့ မဟုတ်ဘူး၊ ငါဟာ အခု မျက်စိကန်းနေပြီး ဘာမှ မလုပ်နိုင်တော့ဘူး၊ မင်း ငါ့ကို လက်ထပ်ချင်မှာ မဟုတ်ဘူး၊ လူငယ်လူရွယ်တစ်ဦးကိုသာ မင်း လက်ထပ်ချင်မှာပါ၊ မင်းရဲ့ အစ်ကို ဝမ်းကွဲ စိန့်ဂျွန်ရစ်ဗားစ်ဟာ ဘယ်လိုလူစားမျိုးလဲ" ဟု သူက မေးခဲ့သည်။ "သူဟာ အသက်ကြီးကြီး လူတစ်ယောက်လား"

"မဟုတ်ဘူး၊ သူဟာ ငယ်ရွယ်ပြီး ရုပ်ချောပါတယ်"

"မင်း သူ့ကို နှစ်သက်သလား" ဟု မစ္စတာရိုချက်စတာက မေးခဲ့သည်။

"ဟုတ်ကဲ့၊ ကျွန်မ သူ့ကို နှစ်သက်တယ်" ဟု ကျွန်မ ဖြေခဲ့သည်။ "သူဟာ အလွန်တော်တဲ့ လူတစ်ဦးပါ"

"ပြီးတော့ သူကရော မင်းကို နှစ်သက်သလား"

"ဟုတ်ကဲ့၊ ဒီလိုပဲ ကျွန်မ ထင်တယ်၊ သူက ကျွန်မကို သူနဲ့ လက်ထပ်စေချင်တယ်"

"ဒါဆို မင်း သူ့ကို လက်ထပ်မလား"

"မဟုတ်ဘူး၊ ကျွန်မ သူ့ကို လက်မထပ်နိုင်ဘူး၊ ကျွန်မ သူ့ကို မချစ်ဘူး"

မစ္စတာရိုချက်စတာသည် ချက်ချင်းပင် ပိုပျော်သွားပုံရသည်။ သူက ကျွန်မလက်ကို ကိုင်ထားခဲ့၏။ သူသည် အချိန်ကြာမြင့်စွာ ငြိမ်သက်နေခဲ့ပြီးနောက် သူ ကျွန်မကို စကားပြောခဲ့သည်။ "ဂျိန်း၊ ငါ မင်းကို အခု ထပ်ပြောလို့ ရပြီ၊ မင်း ငါ့ကို လက်ထပ်နိုင်မလား" ဟု သူက မေးခဲ့သည်။

ထို့နောက် မစ္စတာရိုချက်စတာက စကားပြောခဲ့သည်။
"ဂျိန်း၊ ငါ မင်းကို အခု ထပ်ပြောလို့ ရပြီ" ဟု သူက ပြောသည်။
"မင်း ငါ့ကို လက်ထပ်နိုင်မလား"

"ဟုတ်ကဲ့ ကျွန်မ ရှင့်ကို လက်ထပ်နိုင်ပါတယ်" ဟု ကျွန်မ သူ့ကို ပြောခဲ့ပါသည်။ နောက်ဆုံးတွင်တော့ ကျွန်မ အမှန်တကယ်ပင် ပျော်ရွှင်ခဲ့ရပါ၏။ ထို့ပြင် မစ္စတာရိုချက်စတာသည်လည်း ကြာရှည်စွာ ဝမ်းနည်းမနေနိုင်တော့ပါ။

သုံးရက်အကြာတွင် ကျွန်မသည် မစ္စတာရိုချက်စတာ၏ ဧနီးဖြစ်လာခဲ့သည်။

ဒိုင်ယာနာနှင့် မေရီတို့ထံသို့ ကျွန်မ စာရေးခဲ့ပါသည်။ မင်္ဂလာသတင်းမှာ သူတို့ကို အလွန်ပျော်ရွှင်စေခဲ့သည်။ စိန့်ဂျွန်ထံသို့လည်း ကျွန်မ စာရေးခဲ့သော်လည်း သူ့ထံမှ ပြန်စာမရခဲ့ချေ။ သူသည် အိန္ဒိယသို့သွားပြီး ထိုနေရာတွင် အလုပ်ကို ကြိုးစားပမ်းစား ဆက်လုပ်နေဆဲ ဖြစ်၏။ သူသည် ဘယ်သောအခါမျှ လက်မထပ်ခဲ့ချေ။

မစ္စတာရိုချက်စတာနှင့် ကျွန်မတို့သည် အတူတကွ အလွန်ပျော်ရွှင်စွာနေခဲ့ကြပါသည်။ ယခုတော့ ကျွန်မတို့ လက်ထပ်ခဲ့သည်မှာ ဆယ်နှစ်ပင် ရှိခဲ့ပြီ။ ကျွန်မတို့ လက်ထပ်ပြီး နှစ်နှစ်မျှ ကြာသောအခါ မစ္စတာရိုချက်စတာသည် မျက်လုံးတစ်ဖက် ပြန်လည်မြင်လာခဲ့သည်။ သူသည် ဘယ်သောအခါမျှ ကောင်းမွန်စွာ မမြင်ရသော်လည်း ယခုတော့ သူ ကျွန်မကို တွေ့မြင်နိုင်ပြီး ကျွန်မတို့၏ သားသမီးများကိုလည်း တွေ့နိုင်ခဲ့ပါသည်။ ကျွန်မတို့၏ ဧာတ်ကြောင်းမှာ ထူးဆန်းဝမ်းနည်းဖွယ် ဧာတ်လမ်းတစ်ပုဒ် ဖြစ်ပြီး စိတ်ပျက် အားငယ်ဖွယ်ရာများ ဖြစ်ပျက်ခဲ့သော်လည်း ယခုတော့ နောက်ဆုံးတွင် ကျွန်မတို့ အတူတကွ ပျော်ရွှင်စွာနေကြပြီ ဖြစ်ပါသည်။

Jane Eyre is a poor young teacher who works for the rich Mr Rochester. She loves him and wants to marry him. He loves her too, but he has a secret which brings them great sadness.

Pyi Zone Readers is a series of simplified stories which introduces you step-by-step to the literature that has made Pyi Zone Books worlds famous. This series offers you classics, best-sellers, film-titles and original stories. Each book has extensive exercises, a detailed introduction and clear information about the syllabus. They are published at seven levels from Easystarts (200 words) to Advanced (3000 words).

တတိယအဆင့်စကားလုံး (၁၀၅၀)

Level 3 Pre-Intermediate (1050 words)

Retold by Ann Ward

Translated by Su Htet

- ☐ 6 Advanced (3000 words)
- ☐ 5 Upper Intermediate (2300 words)
- ☐ 4 Intermediate (1650 words)
- ■ 3 Pre-Intermediate (1050 words)
- ☐ 2 Elementary (500 words)
- ☐ 1 Beginner (300 words)
- ☐ Easystarts (200 words)

- ☐ Contemporary
- ■ Classics
- ☐ Originals

- ■ British English
- ☐ American English

Pyi Zone Education

Published and distributed

648157076

Price : 1100.00

ကိုမ်းအာခဲ့(ဆုထက်(ဘာသာပြန်))

TAI Books & Arts